**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့**

**(၁၉.၉.၂၀၁၈) ရက်နေ့တွင် သီန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊**

**ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ**

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ သီန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သီန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)သို့ ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဧည့်သည့်တော်များအားလုံး ဘဝနှင့် ဆန္ဒတစ်ထပ်တည်းကျပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ **“ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ဒီအဆိုကို ဘာလို့တင်သွင်းရသလဲဆိုရင် ရှမ်းပြည်နယ်လွှတ်တော် အစီအစဉ်ဖြင့် Save The Children နဲ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ လားရှိုးမြို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုယ်စားလှယ်နဲ့ လူငယ်တွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီတွေ့ဆုံပွဲမှာ လားရှိုးတက္ကသိုလ်တွင် တက်ရောက်နေတဲ့ ကျောင်းသားတွေရဲ့အသံနဲ့ပဲ ဒီအဆိုကို ကျွန်မ တင်သွင်းရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းဆိုသည့်နေရာတွင် (ငါးမန်းဂိမ်း အပါအဝင်) နေရာအနှံ့အပြားတွင် အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် နယ်စပ်မြို့များတွင် ပိုမိုများပြားစွာ လုပ်ဆောင်နေသည်ကို တွေ့ရှိရပါတယ်။

ယခုလက်ရှိ အခြေအနေတွင် ပြည်သူတို့သည် စားဝတ်နေရေးအတွက် လုံးပမ်းနေရသည်မှာ အကြပ်အတည်းများစွာနှင့် ရင်ဆိုင်နေရပါတယ်။ တောင်သူလယ်သမားတို့သည် ဝမ်းစာအဖြစ် စပါး၊ ပြောင်းနှင့် ဖရဲကို အဓိကထား စိုက်ပျိုးပြီး တရုတ်ပြည်သို့ တင်ပို့ရောင်းချနေရပါတယ်။ တရုတ်ပြည်သို့ တင်ပို့ရောင်းချရာတွင် အမြတ်အစွန်းရရန် မရှိသည့်အပြင် ကားခတောင်မပေးနိုင်

သည့် တောင်သူများရှိသလို တချို့မှာ အိမ်မှငွေဖြင့် ပြန်လည်ပေးချေနေရပြီး ဆုံးရှုံးမှုများစွာ ဖြစ်ပွား လျက်ရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ တရုတ်နှစ်သစ်ကူးပွဲတော်တွင်းစတင်၍ လားရှိုးမြို့တွင် လောင်းကစားဝိုင်းများ အကြီးအကျယ်ဖွင့်လှစ်ခဲ့သည်မှစ၍ ကျွန်မနေထိုင်သည့် သိန္နီမြို့သို့ စိမ့်ဝင် လာခဲ့ပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲမှူး တို့မှ လောင်းကစားဝိုင်းများကို အချိန်မီ တားဆီးနိုင်ခဲ့သော်လည်း အခြားမြို့နယ်များတွင် တားဆီး ပိတ်ပင်နိုင်ခြင်း မရှိခဲ့ချေ။ ဤလောင်းကစားဝိုင်းနှင့် ငါးမန်းဂိမ်းဆိုင်များကြောင့် အနာဂတ်မျိုးဆက် သစ် လူငယ်များအတွက် ကြီးမားတဲ့အန္တရာယ်နဲ့ ရင်ဆိုင်ရပြီး အကျင့်စာရိတ္တပျက်ပြားလျက်ရှိပါ တယ်။

အထူးသဖြင့် တင်ပြလိုသည်မှာ ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့ မူဆယ်မြို့တွင် ဖြစ်ပွား ခဲ့သော ပစ်ခတ်မှုတွင်လည်း လောင်းကစားနှင့်ဆက်နွှယ်နေသည်ကို သိရှိရပါတယ်။ လောင်းကစား ဝိုင်းများကို တားဆီး၊ ပိတ်ပင်ထိရောက်စွာအရေးယူခြင်းမရှိပါက မလိုလားအပ်သည့် ပြဿနာများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနစ်နာမှုများ ထပ်မံဖြစ်ပေါ်နေမည်မှာ မလွဲကေန်ပင် ဖြစ်ပေမည်။ မူဆယ်မြို့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် ကျွန်မတို့မြို့တွင် ဒသမပုံမှန်အစည်းအဝေးမှာ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူကလည်း ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းအတည်ပြုနိုင် ခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ (၁၆-၉-၂၀၁၈) ညနေ (၄)နာရီ (၃၀)မိနစ်အချိန်တွင် ကွတ်ခိုင် မြို့နယ်၊ ရပ်ကွက် (၈)၊ ခိုလုံကျေးရွာအဝင် လမ်း၊ ကောင်းခါးလမ်းခွဲမှာလည်း ဖွင့်လှစ်ထားတဲ့ ငါးမန်းဂိမ်းဆိုင်ကို ရပ်ကွက်နေ မိဘပြည်သူများက ဝိုင်းဝန်းဖျက်ဆီးလိုက်တဲ့ဖြစ်ရပ်ကိုလည်း Social Media များမှတစ်ဆင့် သိရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏ စီးပွားရေး အကြပ်အတည်းများ ဖြစ်ပေါ်စေခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် သုံးစွဲမှုများပြား လာခြင်း၊ စားဝတ်နေရေးအတွက် စိန်ခေါ်မှုများရှိနေခြင်းတို့ကြောင့် ခိုးဆိုးတိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ရိုက်နှက်မှု များ၊ လုယက်မှုများ၊ လိမ်လည်မှုများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ် နေခြင်းကြောင့် ပြည်သူတို့မှာ လုံခြုံမှုမရှိဘဲ “ ကျီးလန့်စာစား” သကဲ့သို့ နေထိုင်နေရပါတယ်။ **“ ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစား ဝိုင်းများ ပပျောက်ရေးနှင့်တင်းကြပ်စွာ တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို လေးစား ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လာရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီတင်သွင်းသွားသော အဆိုအား ကျွန်တော်တို့ ရဲ့ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမယ့်အရာပဲ ဖြစ်ပါ တယ်။ ဒါကြောင့် တင်သွင်းသွားသော အဆိုဖြစ်သည့် **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်း များ ပပျောက်ရေးနှင့် တင်းကြပ်စွာ တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်)**

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်နန်းခင်ထားရီရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်

ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ (၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၀.၉.၂၀၁၈) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ၏ **“ ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။

ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါ စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းဖြစ်ပြီးတော့ ကျွန်တော့အနေ နဲ့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းခဲ့တဲ့ အဆိုဖြစ်တဲ့ “ **ရှမ်းပြည်နယ် အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း**” အဆိုနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံသည် လောင်းကစားနှင့်ပတ်သက်၍ တားမြစ်ထားသည့်ဥပဒေရှိပြီးဖြစ်ပါတယ်။ ဥပဒေအတိုင်း တိတိကျကျ လိုက်နာပါက လောင်းကစားဝိုင်းများ ခေါင်းထောင်လာမှာမဟုတ်ပါဘူး။ ယခင်က လောင်းကစားဝိုင်း များသည် သာမန်ပွဲလမ်းသဘင်၌သာပါဝင်လေ့ရှိပြီး ၎င်းတို့သည် ပွဲလမ်းသဘင်များ ပြီးဆုံးပါက ၎င်းတို့သည်လည်း အိပ်ယာလိပ်ပြီး အိမ်ပြန်ကြရပါတယ်။ ယခုအခါမှာတော့ လောင်းကစားဝိုင်းများ သည် ခေတ်မီစက်ကိရိယာများ တပ်ဆင်ပြီး တောရောမြို့ပါမကျန် ပြန့်နှံ့စွာဖွင့်လှစ်နေကြတဲ့

ငါးမန်းဂိမ်းလို လောင်းကစားဝိုင်းများ၊ အကြွေစေ့နှင့် ကစားရသော ခုနှစ်သုံးလုံး Lucky (777 lucky) လို လောင်းကစားဝိုင်းများသည် နေရာအနှံ့ လျှင်မြန်စွာ ပြန့်နှံ့လျက်ရှိပါတယ်။ ဒီလောင်းကစားဝိုင်းများရှိခြင်းကြောင့် လူငယ်လူရွယ်များအပြင် အိမ်ထောင်သည် အမျိုးသား၊ အမျိုးသမီးများသည်လည်း အကျင့်စာရိတ္တပျက်ပြားပြီး ခိုးမှု၊ လုယက်မှု၊ ဓါးပြမှုများ ကျူးလွန်ကြသည်အထိ ဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အပြင် လောင်းကစားဝိုင်းများနှင့်ဆက်နွယ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုများ၊ ရောင်းဝယ်ဖောက်ကားမှုများလည်း ပိုမိုများပြားလာနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် လောင်းကစားဝိုင်းပပျောက်ရေးသည် အင်မတန်အရေးကြီးသည့် ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောင်းကစားပပျောက်ရေးလုပ်ဆောင်ရာမှာ အဓိကပါဝင်တဲ့ အဖွဲ့များအနေဖြင့် မြို့နယ်နှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များနှင့် တရားစီရင်ရေးအဖွဲ့များအပြင် ပြည်သူလူထုများသည်လည်း သတင်းပေးခြင်းဖြင့် ကူညီရမည့်ဝတ္တရားရှိပါတယ်။ အုပ်ချုပ်ရေးအဖွဲ့များဆိုရာမှာ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များသည် အဓိကဖြစ်ပြီး ၎င်းတို့သည် မိမိတို့အုပ်ချုပ်ရသော နယ်မြေတွင်ဖြစ်ပေါ်နေသည့် ကိစ္စရပ်များကို အသိဆုံးဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှုး ဥပဒေ၌လည်း ၎င်းတို့ကိုယ်တိုင် ဖမ်းဆီးခွင့်ပြုထားပြီးဖြစ်သည့်အပြင် ဒုရဲအုပ်ထက် အဆင့်မနိမ့်သော ရဲအရာရှိတစ်ဦးအား ဖမ်းဆီးနိုင်ရန် ဖမ်းဝရမ်းထုတ်ရမည်ဟု ပါပြီးသားဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှုးမှ ဆောင်ရွက်ရန် တာဝန်ပျက်ကွက်ပါက မြို့နယ်အုပ်ချုပ်ရေးမှုးမှ အရေးယူဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးအရ ဖမ်းဆီးရာ၌ အဓိက ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး တပ်ဖွဲ့ဝင် များ၊ အရာရှိ၊ အရာခံများသည် မိမိတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး အဂတိလိုက်စားမှု ကင်းကင်းဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူများမှပေးပို့လာသော သတင်းများကို ပေါက်ကြား ခြင်း မရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်မှသာ လောင်းကစားဒိုင်များကို ဖမ်းဆီးနိုင်မှာဖြစ်ပါတယ်။

တရားစီရင်ရေးအဖွဲ့များသည်လည်း ဖမ်းဆီးရုံးတင်စစ်ဆေးခြင်းခံရသော လောင်းကစားအမှုများကို စီရင်ဆုံးဖြတ်ရာတွင် အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် အခွင့်အာဏာ အပ်နှင်းထားသည့် အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လောင်းကစားကျူးလွန်သူများ၊ ကျူးလွန်ရန် အားထုတ်သူများအား မကျူးလွန်ရဲအောင် သတိပေးပြီးသား ဖြစ်ပါတယ်။ ဤကဲ့သို့ တရားဥပဒေစိုးမိုးရေး တာဝန်ယူ

နေရသော အဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် လောင်းကစားလုပ်ငန်းများသည်လည်း လျော့နည်းပပျောက်သွားမည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြခဲ့သော ကွတ်ခိုင်မြို့နယ်က အဖြစ်အပျက်ကို ကြည့်ပါက ပြည်သူများသည် လောင်းကစားဝိုင်းနှင့်ပတ်သက်လာလျှင် ဘယ်လောက်ထိ မလိုလားသလဲဆိုတာ ပေါ်လွင်နေပါတယ်။ ပြည်သူများက ၄င်းတို့ရပ်ကွက်၌ ငါးမန်းဂိမ်း လောင်းကစားဝိုင်းရှိနေကြောင်း သတင်းပေးသော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ အရေးယူဆောင်ရွက်မှု မရှိသဖြင့် ရပ်မိ/ရပ်ဖများ၊ ပြည်သူလူထုများက ၄င်းလောင်းကစားဝိုင်းကို သွားရောက်ဖျက်ဆီးတယ်ဆိုတာ ကြားလို့တောင် မသင့်တော်ပါဘူး။ ဒီဖြစ်စဉ်ကို ကြည့်ပါက ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးက အဘယ်ကြောင့် အရေးမယူသလဲ၊ အရေးယူနိုင်ရန် ဘာဖြစ်လို့တာဝန်မပေးသလဲ၊ နယ်မြေအပိုင် ရဲစခန်းကရော လောင်းကစားဝိုင်းရှိတာ ဘာလို့မသိသလဲ၊ ပြည်သူကတောင် သတင်းပေးနေပြီဆိုတော့ မသိစရာအကြောင်း မရှိပါဘူး၊ သတင်းရပြီဆိုမှ ဘာဖြစ်လို့ မဖမ်းဆီးသလဲ၊ တာဝန်ဝတ္တရားရှိတဲ့အတိုင်း မဆောင်ရွက်တဲ့ တာဝန်ရှိသူများကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် လျစ်လျူရှုမနေဘဲ အရေးယူဆောင်ရွက်သင့်ပါတယ်။

ဒါကြောင့်လောင်းကစားဝိုင်းများသည် ကျွန်တော်တို့ လူမှုဝန်းကျင်၊ လူမှုအသိုင်းအဝိုင်းကို နှောင့်ယှက်ဖျက်ဆီးသည့်ကိစ္စရပ်များဖြစ်သဖြင့် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းသော " **ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း**" အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ (၂၀.၉.၂၀၁၈)ရက်နေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ရှမ်းပြည်နယ်လွှတ်တော်

ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။ (၁၉.၉.၂၀၁၈) ရက်နေ့၊ ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)မှာ သိန္နီမြို့နယ်အမှတ်(၁)မဲဆန္ဒနယ် မှ ဒေါ်နန်းခင်ထားရီ တင်သွင်းခဲ့တဲ့ အဆိုဖြစ်တဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်မှာ နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်နေသော အောင်ဘာလေထီမှလွဲ၍ အခြားမည်သည့် လောင်းကစားမှုမလုပ်ရဟု ၁၉၈၃ ခုနှစ် လောင်းကစားဥပဒေမှာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ သို့သော် ရှမ်းပြည်နယ် တောင်ပေါ်ဒေသမှာ လောင်းကစားနည်းတစ်မျိုးဖြစ်တဲ့ ငါးမန်းဂိမ်းမှာ မြို့ရွာတောပါမကျန် ခေတ်စားလာတာကိုတွေ့ရပါတယ်။ ဆရာတော်တစ်ပါးရဲ့ တရားပွဲမှာ ဟောကြားတဲ့အတိုင်း မိမိတို့မြန်မာနိုင်ငံ မြစ်ကမ်းခြေဒေသမှာ ငါးမန်းအန္တရာယ် မကြောက်ရဘဲ ယခုအခါ တောင်ပေါ်ဒေသမှာ ငါးမန်းအန္တရာယ်ကို ကြောက်နေရသလို ဖြစ်နေရပါပြီဆိုတဲ့အတိုင်းပဲ ငွေကြေးအဆင်ပြေသူများသာမက နေ့လုပ်နေ့စား၊ လက်လုပ်လက်စားသမားမကျန် လောင်းကစားနေရာသို့ တစ်ခါရောက်ဖူးသွားပါက၊ ကစားဖူးသွားပါက စွဲလန်းမှုအနေဖြင့် စွဲပါသွားတာကို တွေ့ရှိရပါတယ်။ သွားရောက်ကစားဖူးသူများရဲ့ ပြောပြချက်အရနိုင်သူကို စွဲလန်းအောင် အိပ်ချင်စိတ် ပျောက်အောင် မူးယစ်ဆေးဝါးဖြစ်တဲ့ ယာမဆေးပြားဖြင့် ဆွဲဆောင်မှုပြုတာကို သိရှိရပါတယ်။ ဂိမ်းဆိုင်မှာငွေကြေးရှုံးသည့်အခါပင်ဖြစ်စေ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်စေ ခိုး၊ ဆိုး၊ လုယက် မှုများ၊ ရာဇဝတ်မှုများ ထူပြောလာပြီး ရပ်ရွာအေးချမ်းသာယာရေးကိုပါ ထိခိုက်လာတာတွေ့ရှိရပါတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်များသည် ကျောင်းသွားသည့်အခါမှာ ကျောင်းသို့မရောက်ဘဲ ၎င်းလောင်းကစားဂိမ်းသို့ ရောက်သွားတာကို တွေ့ရှိရပါတယ်။ ယခင် ၂၀၁၇-၂၀၁၈ စာသင်နှစ်မှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ နမ့်ဖတ်ကာအထက်တန်းကျောင်းက အလယ်တန်း၊ အထက်တန်းကျောင်းသား အချို့ဟာ ကျောင်းသို့မရောက်ဘဲ လောင်းကစားရုံကို သွားရောက်နေသည့်အတွက် ကျောင်းသားမိဘများက ကျောင်းအုပ်ဆရာမကြီးကို ထိန်းမရနိုင်ကောင်းသလားဟုဆိုပြီး ကျောင်းအုပ်ဆရာမကြီးကို ပြဿနာရှာတာကို သိရှိခဲ့ရပါတယ်။ ကျောင်းအုပ်ဆရာမကြီးက ထိုလောင်းကစားရုံတာဝန်ခံကို ကျောင်းသားများမလာစေဖို့၊ မကစားစေဖို့ပြောတဲ့အခါမှာ ခင်ဗျားလာပြီးမပြောနဲ့၊ ဒီမှာခင်ဗျားနဲ့မဆိုင်ဘူးလို့

သေနတ်တကားကားနဲ့ ဆရာမကြီးကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတာကို ဆရာမကြီးရဲ့ ပြောပြချက်အရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့(၁၄.၉.၂၀၁၈)ရက်နေ့မှာပဲ နမ့်ဖတ်ကာရပ်ကွက်အတွင်းရှိ ဒေသခံ ရွာသား (၆၆)ဦးက လက်မှတ်ရေးထိုးပြီး လောင်းကစားရုံပိတ်ပေးဖို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးကို လိပ်မူပြီး၊ မိတ္တူကို မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကွတ်ခိုင်မြို့ဟု ရေးပြီး ကျွန်တော့်ထံ ၎င်းတိုင်ကြားစာကို Viber ဖြင့် (၁၅.၉.၂၀၁၈)ရက်နေ့ ညနေပိုင်းမှာ ပေးပို့ လာပါတယ်။ ၎င်းတိုင်စာကို သက်ဆိုင်ရာ တာဝန်ရှိသူများ အရေးယူခြင်းမရှိသောကြောင့် မကြာခင် မှာပဲ (၁၆.၉.၂၀၁၈)ရက်နေ့၊ ညနေ လေးနာရီ ခွဲမှာ ကွတ်ခိုင်မြို့ ရပ်ကွက်(၈)မှာရှိတဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားများဟာ ၎င်းတို့၏ ခံစားချက်များပေါက်ကွဲမှုကြောင့် ၎င်းတို့ရပ်ကွက်အတွင်းမှာရှိတဲ့ ငါးမန်းဂိမ်းလောင်းကစားရုံကို သွားရောက်ဖျက်ဆီးတာ Online ပေါ်မှာတွေ့ရှိရမည်ဟု ထင်ပါတယ်။ ၎င်းအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ ၊ မဲခေါင်ရပ်ကွက်တွင်လည်း အိမ်ခြေပေါင်း (၂၅၀) ကျော်ရှိသည့်အနက် (၂၂၂)အိမ်မှ မိဘပြည်သူများက ၎င်းတို့ရပ်ကွက်အတွင်းရှိ လောင်းကစား ဝိုင်းများနှင့် ငါးမန်းဂိမ်းဆိုင်များကို ပိတ်သိမ်းပေးပါရန် ခရိုင်၊ မြို့နယ်သို့ တောင်းဆိုထားသည်ကို လည်း မြေပြင်သတင်းအရ သိရှိရပါတယ်။

သို့ဖြစ်ပါသောကြောင့် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ၏ "**ရှမ်းပြည်နယ် အတွင်းရှိ လောင်းကစားဝိုင်းများပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း**"အဆိုကို လေးလေးနက်နက် ထောက်ခံရင်းနိဂုံးချုပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ယနေ့တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)

၏ **" ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ အဆိုပါ စာသားအသုံးအနှုန်းအပေါ် အကြံပြုခြင်းနှင့်အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

ပထမဦးစွာ အဆိုပါ စာသားအသုံးအနှုန်းနှင့် ပတ်သက်၍ **"တင်းကြပ်တားဆီး ပိတ်ပင် အရေးယူပေးနိုင်ပါရန်"** စကားရပ်အစား **"ထိရောက်စွာတားဆီး အရေးယူပေးနိုင်ပါရန်"** ပြောင်းလဲ သုံးနှုန်းမည်ဆိုပါက ပိုမိုသင့်လျော်မည်ဟု အကြံပြုလိုပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ လောင်းကစားခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နယ်မြေအနေအထား ကျယ်ဝန်းခြင်း၊ မတူကွဲပြားမှုများပြားခြင်းစတဲ့ အခြေအနေများပေါ် မူတည်ပြီး လောင်းကစားကိစ္စများက တည်ရှိနေတာဖြစ်ပြီး၊ ဒေသရဲ့ ရိုးရာဓလေ့ပေါ်မှာ မူတည် ပြီးတော့ ဒွန်တွဲလျက်ရှိနေတာကိုလည်း အားလုံးသတိပြုဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ အဆိုပါ အချက်များပေါ်မူတည်၍ ဝိသမလောဘသားတွေဟာ အဆိုပါအချက်ကို အခွင့်ကောင်းယူပြီးမှ အကျိုးအမြတ်ထုတ်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လူ့အသိုင်းအဝိုင်းတစ်ခုလုံးသာမက ပြည်သူများရဲ့ အကျိုးစီးပွား၊ စာရိတ္တများ ပျက်ပြား စေသည့် ဒီလောင်းကစားဝိုင်းများဟာ မိမိတို့ဝန်းကျင်မှာ ပပျောက်ရေးနှင့် ကင်းရှင်းရေး၊ နိုင်ငံတော် ရဲ့ အနာဂတ်လို့ပြောလို့ရတဲ့ လူငယ်/ လူရွယ်များ အတုယူမမှားစေရေး ဒီအလေ့အကျင့်ဆိုးတွေကို ဆက်လက်သယ်မသွားရေးအတွက် ဆောင်ရွက်တဲ့အခါမှာ အစိုးရအနေဖြင့် သာမက မိမိတို့အားလုံး မှာပါ တာဝန်ရှိတာကို အားလုံးလည်း သိပြီးသား ဖြစ်ပါတယ်။

မနေ့ကပြုလုပ်ကျင်းပခဲ့တဲ့ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)တွင် လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီးမှလည်း လောင်းကစားကိစ္စများပပျောက်ရေး၊ မူးယစ်ဆေးဝါးကိစ္စများ ဆောင်ရွက်ရာတွင် ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဖို့လိုတယ်လို့ ပြောကြားထားတာ တွေ့ရှိ ရမှာဖြစ်ပါတယ်။ ပြည်သူများ ပူးပေါင်းပါဝင်လာဖို့ ဆိုတာကလည်း အဆိုပါလုပ်ငန်းစဉ်များနှင့် အဓိကသက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများအနေဖြင့်လည်း အဂတိကင်းကင်းနဲ့ တာဝန်ယူ၊ တာဝန်ခံ မှုအပြည့်ဖြင့် ဆောင်ရွက်မှသာလျှင် ပြည်သူများရဲ့ ယုံကြည်အားကိုးမှုများနှင့် ပြည်သူများရဲ့ ပူးပေါင်း ပါဝင်မှု ရရှိမှာကိုလည်းမြင်ရမှာ ဖြစ်ပါတယ်။

ဒီကိစ္စနှင့် ပတ်သက်ပြီး မိမိမြို့နယ်အတွင်း ဖြစ်စဉ်လေးတစ်ခုကို အနည်းအကျဉ်းတင်ပြလိုပါတယ်။ မိမိတို့ကလောမြို့နယ်မှာ နှစ်စဉ်ကျင်းပနေတဲ့ ပုံမှန်ဘုရားပွဲများတွင် လောင်းကစားဝိုင်းများ ထည့်သွင်းမကျင်းပတာ အချိန်ကာလအတန်ကြာခဲ့ပြီး ဖြစ်ပါတယ်။ ဒီတစ်နှစ်မှာတော့ ရွာတစ်ရွာမှာ ရွာရဲ့ဆောက်လုပ်ဆဲ ဘုန်းကြီးကျောင်းပေါ်မူတည်ပြီးမှ လေးကောင်ဂျင်ဝိုင်းကို ထည့်သွင်းကျင်းပခဲ့ပါတယ်။ ကျင်းပတဲ့နေရာမှာလည်း သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူး အနေဖြင့် နားလည်မှုဖြင့်သာ ထည့်သွင်းကျင်းပခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။

ပွဲတော်ရက် သတ်မှတ်ကာလ ပြီးဆုံးသည့်အချိန်ထိတောင် လေးကောင်ဂျင် လောင်းကစားဝိုင်းများမှာ မသိမ်းသေးဘဲ ကာလကြာရှည် တစ်လကျော်အထိ ဆက်လက်ဆောင်ရွက်နေတဲ့အချိန်မှာ ပြည်သူများမှ မိမိထံသို့ တင်ပြလာမှသာ လောင်းကစားဝိုင်းတွေ ထည့်သွင်းကျင်းပတယ်ဆိုတာ မိမိအနေဖြင့် သိရှိရတာ ဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဒါကမဖြစ်သင့်ဘူးဆိုတာကို အချိန်မတန်ခင် ကွတ်ခိုင်မြို့နယ်လို ကိစ္စမျိုးဖြစ်လာမှာစိုးလို့အခြေအနေကို အမှန်အတိုင်း ဆောင်ရွက်ပေးပါလို့ တင်ပြတဲ့နေရာမှာ ဆောင်ရွက်ပါမယ်လို့ ကတိပေးပြီးမှ နောက်တစ်ပတ်ကြာတဲ့အထိ ဒီလောင်းကစားဝိုင်းဟာ သိမ်းသွားခြင်းမရှိဘဲ ညအချိန်မှာ ပြန်လည်ပြီးမှ ဆောင်ရွက်နေတာကို သိရှိရပါတယ်။ ဒါနဲ့ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဒါကမဖြစ်သင့်တော့ဘူး၊ တစ်ချိန်မှာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်သွားနိုင်တယ်။ ဒါကို အချိန်မီ ထိန်းချုပ်ပေးပါလို့ ပြောတဲ့အခါကျတော့ နောက်နေ့မနက်မှာ သက်ဆိုင်ရာ ရွာကဘုန်းကြီးနဲ့ ရပ်မိ/ ရပ်ဖများမှ ကျွန်တော့်ဆီကို လာရောက်ပြီး ဘာကြောင့် လေးကောင်ဂျင်ဝိုင်း၊ လောင်းကစားဝိုင်းတွေကို ပိတ်သိမ်းခိုင်းတာလည်းလို့ ပြောကြားလာပါတယ်။ ဒီနေရာမှာ ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားများဟာ ပြည်သူလူထုကိုကိုယ်စားပြုရတယ်၊ အစိုးရကို ထိန်းကျောင်းရတယ်ဆိုတာ အားလုံးသိပြီးသားပဲဖြစ်ပါတယ်။ ပြည်သူများရဲ့ဆန္ဒကို တင်ပြလာတဲ့နေရာမှာ ကျွန်တော်တို့ဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ဟာကို ထိန်းညှိပေးတယ်ဆိုတဲ့အနေနဲ့လည်းပဲ တာဝန်ရှိသူများဟာ တာဝန်မဲ့စွာနဲ့ ဒီလောင်းကစားဝိုင်းကို လွှတ်တော်ကိုယ်စားလှယ်က ပိတ်သိမ်းခိုင်းလို့ ပိတ်သိမ်းရပါတယ်ဆိုပြီး ပြောကြားတဲ့အတွက် သက်ဆိုင်ရာ ရွာကဘုန်းကြီးနဲ့ ရပ်မိ/ ရပ်ဖများမှ အိမ်ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်။

မိမိလိုဖြစ်စဉ်မျိုးလည်း လွှတ်တော်ကိုယ်စားလှယ်များလည်း ကြုံတွေ့ကြဖူးမှာ အားလုံးပဲ သိမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းစဉ် လျော့နည်းပပျောက်သွားဖို့ဆိုတဲ့ နေရာမှာ အစိုးရမှ၊

သက်ဆိုင်ရာဌာန တာဝန်ရှိပုဂ္ဂိုလ်များမှလည်း အဂတိကင်းကင်းနဲ့ ဆောင်ရွက်ရမှာဖြစ်သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများမှလည်း ပူးပေါင်းပါဝင်မယ်ဆိုရင် အမြစ်ဆိုးနဲ့ ကပ်ဆိုးလို တွယ်ကပ်နေတဲ့ ဒီလောင်းကစားဝိုင်းဟာလည်း ပပျောက်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အဆိုပါ စကားလုံးအသုံးအနှုန်းကို အနည်းငယ်ပြင်ဆင်ပြီးမှ ပြည်သူရဲ့ အကျိုးစီးပွားကို ဦးတည်ပြီးပူးပေါင်း ဆောင်ရွက်ကြပါလို့ ပြောကြားရင်း သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခင်ထားရီ၏ **“ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီး ပိတ်ပင်အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ သို့ တိုက်တွန်းကြောင်း”**အဆိုအား အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် ( ၂ )ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ် ( ၁ )ဦးက အကြံပြုထောက်ခံသွားတာကို တွေ့ရှိရပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ ( င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုနှင့် စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခင်ထားရီ၏ **“ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးမှ အဆိုတင်သွင်းသွားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်များအပေါ် ဆွေးနွေးရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ နယ်စပ်မြို့များ၊ စီးပွားရေးအချက်အချာကျသော မြို့များတွင် အဓိက အားဖြင့် ရှမ်း၊ ကချင်၊ ပလောင်၊ မုန်းဝန်း၊ ခိုလုံလီရှော၊ ကိုးကန့်၊ လီဆူ၊ တရုတ်(သွေးနှော) စသည့် တိုင်းရင်းသားများနေထိုင်ကြပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဗမာစကားအပြင် တရုတ်၊ ရှမ်း၊ ကချင်စသည့် ဘာသာစကားများလည်းပြောဆို၍ တရုတ်(သွေးနှော)များ ရှိသည့်အလျောက် ၎င်းတို့၏ သာရေး / နာရေးပွဲများတွင် တရုတ်ရိုးရာ မာကျောက်ကစားခြင်းအား ငွေကြေးဖြင့် ကစားလေ့ရှိပြီး လောင်းကစားဝိုင်းများကိုလည်း လျှို့ဝှက်စွာ ဖွင့်လှစ်လုပ်ကိုင်မှုများ ရှိနေပါတယ်။ တစ်ဖက်နိုင်ငံ ကျယ်ဂေါင်၊ ရွှေလီမြို့နှင့် နမ့်ဆန်မြို့များမှ တရုတ်နိုင်ငံသားများသည် မိမိနိုင်ငံအတွင်း သို့ လာရောက်ပြီး လောင်းကစားမှုများကျူးလွန်တတ်သည့် သတင်းကျော်ဇော ရှိခဲ့ဖူးသူများနှင့် ပူးပေါင်း၍ ငွေကြေးစိုက်ထုတ်ကာ လောင်းကစားဒိုင်ပြုလုပ်ခြင်းများရှိသဖြင့် သတင်းရယူ စုံစမ်း ဖမ်းဆီးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း လောင်းကစားဝိုင်းများသည် နယ်စပ်မြို့၊ စီးပွားရေး အချက်အချာကျသောမြို့များတွင် စီးပွားရေးလောဘသမားများက စီးပွားရေးအမြတ်အစွန်း အမြန် ရနိုင်သည့်အတွက် အများဆုံးဆောင်ရွက်နေကြောင်း သိရှိရပါတယ်။

လောင်းကစားဝိုင်းများသည် လျှို့ဝှက်စွာ ပြုလုပ်လေ့ရှိသဖြင့် ပြည်သူလူထုမှ သတင်းပေးနိုင် ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့များအနေဖြင့် လစဉ်အသိပေးဟောပြော၍ သတင်းပေး ဆက်သွယ်နိုင် ရန် မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းများ၏ ဖုန်းနံများအား ဖြန့်ဝေထားရှိပါတယ်။ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ လစဉ်လောင်းကစားဖမ်းဆီးရမိမှုများအား သုံးသပ်ကာ မြို့နယ်အလိုက်၊ မိမိနယ်မြေ နှင့် ကိုက်ညီသော စီမံချက်များရေးဆွဲစေပြီး လျော့နည်းကျဆင်းသည်အထိ ဖော်ထုတ်ဖမ်းဆီးသွား ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုများမှလည်း လောင်းကစားပြုလုပ်ခြင်းများ ၏ အဆိုးအပြစ်များကို သိရှိနားလည်ပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူလူထုများအားလုံး လိုလိုလားလားနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက် သတင်းပေးမှသာလျှင် ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများ လျော့နည်းကျဆင်းလာနိုင်မှာ ဖြစ် ပါတယ်။

အဆိုတွင်ပါရှိသော "တရုတ်နှစ်သစ်ကူးပွဲတော်တွင်း စတင်၍ လားရှိုးမြို့တွင် လောင်းကစား ဝိုင်းများ အကြီးအကျယ်ဖွင့်လှစ်ခဲ့သည်မှစ၍ အဆိုပြုလွှတ်တော်ကိုယ်စားလှယ် နေထိုင်သည့် သိန္နီမြို့ သို့ စိမ့်ဝင်လာခဲ့ပါတယ်။ အဆိုပြု လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ရဲမှူးတို့မှ လောင်းကစားဝိုင်းများကို အချိန်မီ တားဆီးနိုင်ခဲ့သော်လည်း အခြားမြို့နယ်များတွင်

တားဆီးပိတ်ပင်နိုင်ခြင်း မရှိခဲ့ချေ” ဆိုသည့်အချက်နှင့် ပတ်သက်၍ တာဝန်သိသိဖြင့် ဝိုင်းဝန်းကူညီပါသော ဒေသခံလွှတ်တော်ကိုယ်စားလှယ်ကြီးများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အခြားမြို့နယ်များတွင်လည်း ထိုနည်းတူစွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများအား အကူအညီတောင်းခံလိုပါတယ်။ သို့မှသာ သိန္နီမြို့နယ်ကဲ့သို့ အခြားမြို့နယ်များမှာလည်း တားဆီးနိုင်မှာဖြစ်ပါတယ်။

အဆိုတွင်ပါရှိသော အထူးသဖြင့် တင်ပြလိုသည်မှာ ၂၀၁၈ ခုနှစ်၊ မေလ ၁၂ ရက်နေ့ မူဆယ်မြို့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတွင်လည်း လောင်းကစားနှင့်ဆက်နွယ်နေသည်ကို သိရှိရပါတယ်။ လောင်းကစားဝိုင်းများကို တားဆီး၊ ပိတ်ပင်ထိရောက်စွာ အရေးယူခြင်းမရှိပါက မလိုလားအပ်သည့်ပြဿနာများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးနစ်နာမှုများ ထပ်မံဖြစ်ပေါ်နေမည်မှာ မလွဲကေန်ပင်ဖြစ်ပေမည် ဆိုသည့်အချက်နှင့်ပတ်သက်၍ မူဆယ်မြို့နယ် (၁)မြို့နယ်တည်းတွင်သာမဟုတ်ဘဲ ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးအရေးယူခဲ့သည်မှာ (၁-၂-၂၀၁၈) ရက်နေ့မှ (၁၈-၉-၂၀၁၈)ရက်နေ့အထိ သတင်းရယူ စုံစမ်းဖမ်းဆီးခဲ့သည့် လောင်းကစား အမှုပေါင်း (၈၁)မှု၊ အချုပ်တရားခံ ကျား(၁၁၇)ဦး၊ မ(၆၃)ဦး၊ စုစုပေါင်း(၁၈၀)ဦး၊ လောင်းကြေးငွေ မြန်မာငွေ (၁၂,၁၁၇,၈၅၀)ကျပ်နှင့် ထိုင်းနိုင်ငံ သုံးဘတ်ငွေ(၂၄,၄၅၀)ဘတ်၊ ဂိမ်းစက်(၁၈)လုံး၊ ဖုန်းမျိုးစုံ (၄၈) လုံး၊ နာရီမျိုးစုံ(၈)လုံးတို့အား ဖမ်းဆီးအရေးယူထားရှိပါတယ်။ ဖမ်းဆီးရမိသည့် တရားခံများအား ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းဖြစ်သည့် ဥပဒေ၊ တရားရေးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုတွင်ပါရှိသော “ပြည်သူတို့၏ စီးပွားရေးအကြပ်အတည်းများ ဖြစ်ပေါ်စေခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် သုံးစွဲမှုများပြားလာခြင်း၊ စားဝတ်နေရေးအတွက် စိန်ခေါ်မှုများရှိနေခြင်းတို့ကြောင့် ခိုးဆိုးတိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ရိုက်နှက်မှုများ၊ လုယက်မှုများ၊ လိမ်လည်မှုများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူတို့မှာ လုံခြုံမှုမရှိဘဲ “ကျီးလန့်စာစား” သကဲ့သို့ နေထိုင်နေရပါတယ်” ဆိုသည့်အချက်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ(၁-၁-၂၀၁၈)ရက်နေ့မှ (၁၈-၉-၂၀၁၈) ရက်နေ့အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၁၀၅၃) မှု၊ တရားခံ ကျား (၁၂၃၄)ဦး၊ မ(၁၇၄)ဦး၊ စုစုပေါင်း (၁၄၀၈)ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၅၈၉)မှု၊ တရားခံ ကျား(၇၈၈)ဦး၊ မ(၁၀၃)ဦး၊ စုစုပေါင်း(၈၉၁)ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၃၄၄)မှု၊ တရားခံ ကျား(၄၃၀)ဦး၊ မ(၄၉)ဦး၊ စုစုပေါင်း(၄၇၉)ဦးဖြစ်တဲ့အတွက် စုစုပါင်း (၁၉၈၆)မှု၊

တရားခံ ကျား(၂၄၅၂)ဦး မ(၃၂၆)ဦး၊စုစုပေါင်း (၂၇၇၈)ဦးတို့အား အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ (၂၆-၆-၂၀၁၈)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနဖွင့်လှစ်၍ မည်သူမဆို လွတ်လပ်စွာ သတင်းပေးတိုင်ကြားနိုင်ပြီး တိုင်ကြားသူများအတွက် လုံခြုံမှုပေးခြင်းနှင့်ဆုကြေးငွေထုတ်ပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးများထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သုံးစွဲခြင်းများ လျော့နည်းကျဆင်းလာစေရန်အတွက် ပြည်နယ်အစိုးရမှ ဦးဆောင်လမ်းညွှန်၍ သက်ဆိုင်ရာ တပ်ဖွဲ့/ ဌာနများမှလည်း အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ ဖမ်းဆီးအရေးယူခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း သက်ဆိုင်ရာ မြို့နယ်အလိုက်စည်းရုံးဟောပြောခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ဆောင်ရွက်ပေးခြင်းများဖြင့် ဒေသအတွင်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းလာနိုင်မည် ဖြစ်ပါတယ်။

ခိုးဆိုးတိုက်ခိုက်မှုများ၊ အုပ်စုဖွဲ့ရိုက်နှက်မှုများ၊ လုယက်မှုများ၊ လိမ်လည်မှုများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေခြင်းများနှင့်ပတ်သက်၍ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ ၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း အမှုကြီးများဖြစ်သည့် လူသတ်မှု၊ ဓါးပြမှု၊ လုယက်မှု၊ ပြန်ပေးမှု၊ မုဒိမ်းမှု၊ ဖောက်ထွင်းမှု၊ တိရစ္ဆာန်ခိုးမှု၊ ပုန်ကန်မှု၊ လက်နက်မှု၊ မတရားအသင်းစသည့် အမှုပေါင်း (၂၉၀)မှု၊ အခြားအမှုများဖြစ်သည့် ခိုးမှု (၆(၁)၊ စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ နွားနှင့်)၊ ခိုးမှုရိုးရိုး၊ ခိုးမှု ၃၈၂၊ နာကျင် (ယာဉ်)၊ နာကျင်(ရိုးရိုး)၊ ကျန်အခြားအမှုပေါင်း (၃၇၆၁)မှုနှင့် ကြိုတင်ကာကွယ်မှု လက်နက် ပုန်း၊ ခြေချုပ်၊ ယစ်မျိုး၊ ပြည့်တန်ဆာ၊ ကျင့်၅၄၊ ရဲအက်၊ မော်တော်ယာဉ်အက် အပါအဝင် အမှုပေါင်း(၂၇၉၈)မှုဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော စုစုပေါင်းအမှု (၆၈၄၉)မှု အား ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ် ရဲတပ်ဖွဲ့၏ လက်ရှိအင်အားစာရင်းမှာ အမှန်ရှိရမည့် ဖွဲ့စည်းပုံ၏ (၄၆.၅၅)% သာရှိသဖြင့် ပြည်သူနှင့်ရဲ အချိုးအစ ၁: ၁၅၅၉ ရှိ၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ပြည်သူ (၁၅၅၉)ဦးအား စောင့်ရှောက်ခြင်းနှင့် ရဲလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်နေရပါတယ်။

မှုခင်းဖြစ်ပွားမှုလျော့ကျနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်မှုအနေဖြင့်-

(၁) လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့ရှာဖွေခြင်း၊ ပညာပေးဟောပြောခြင်း၊

(၂) မှုခင်းဖြစ်ပွားနိုင်သောနေရာများအား လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာ နယ်မြေခံ တပ်ရင်း / တပ်ဖွဲ့များနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်း များဖြင့် ဆောင်ရွက်ခြင်း၊

(၃) မှုခင်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဟောပြောခြင်း၊ ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အရက်ပုံးချက်လုပ်သူများ၊ လိုင်စင်မဲ့ အရက်ဆိုင်များ၊ ဆင်ဆာမဲ့ဗီဒီယိုများ စုံစမ်းဖော်ထုတ် ဖမ်းဆီးအရေးယူ ဆောင်ရွက်ခြင်း၊

(၄) အသက်မပြည့်သေးသူ ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု မခံရစေရေးအတွက် အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေးဟောပြောခြင်း၊

(၅) သက်ငယ်မုဒိမ်းမှုခင်း ဖြစ်ပွားပါက ထိရောက်ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၆) အဖိုးတန်ပစ္စည်းများဝတ်ဆင်၍ အဖော်မဲ့ တစ်ဦးတည်း သွားလာခြင်း မပြုရန် အသိပညာပေးဟောပြောခြင်း၊ လူပြတ်သောနေရာများတွင် အမျိုးသမီးတစ်ဦးတည်း နေထိုင်ခြင်း၊ သွားလာခြင်း မရှိစေရန် အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခြင်း၊

(၇) လူပြတ်သောနေရာများ၊ မှုခင်းဖြစ်ပွားလေ့ရှိသည့်နေရာများသို့ လှည့်ကင်းဖြင့် စဉ်ဆက်မပြတ် စိုးမိုးကာ မှတ်တမ်းဝင်လူဆိုးများ၊ စရိုက်ကြမ်းပြီး ဆိုးသွမ်းလေ့ရှိသော လူဆိုးများအား အမြဲမပြတ် စောင့်ကြည့်ခြင်းနှင့် လိုအပ်ပါက ခြေချုပ်နှင့်ခံဝန် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊

(၈) လူသတ်မှု၊ ခိုးမှုတို့နှင့်ပတ်သက်၍ ကျူးလွန်ပုံ၊ ကျူးလွန်မည့် အခြေအနေကို လေ့လာပြီး အပေါင်းအသင်း၊ ဆွေမျိုးသားချင်းများကို ခေါ်ယူတွေ့ဆုံ စစ်ဆေးကာ ဖြစ်နိုင်ခြေအကြောင်းအရာနှင့် မသင်္ကာတရားခံ စစ်ဆေးဖော်ထုတ်ခြင်း၊

(၉) ထိရောက်ကြိုကာဖြစ်သော လက်နက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါး၊ ပြည့်တန်ဆာ စသည့်ကိစ္စရပ်များအား တိုးမြှင့်ဖမ်းဆီးပေးခြင်း။

(၁၀) ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်(၅)ရပ်၊ သော့ချက်(၅)ချက် တို့ဖြင့် စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းနှင့်လောင်းကစား

မှုများ လျှော့နည်းကျဆင်းရေးနှင့်ပတ်သက်၍ စီမံချက်များ ထပ်မံချမှတ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးတင်သွင်းတဲ့ **"ရှမ်းပြည်နယ် အတွင်းရှိ လောင်းကစားဝိုင်းများ လျှော့နည်းကျဆင်းရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုတင်ပြချက်နှင့် ပတ်သက်၍ အတည်ပြုပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးရဲ့ ဆွေးနွေးချက်မှာ ကျွန်တော်သတိပြုမိတာ တစ်ခုရှိပါတယ်။ မူလအဆိုမှာကတော့ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ ပပျောက်ရေးနှင့် တင်းကြပ်တားဆီးပိတ်ပင် အရေးယူပေးနိုင်ပါရန်"** ဆိုတဲ့ စာသားဖြစ်ပါတယ်။ အခု သက်ဆိုင်ရာဝန်ကြီးက ပြန်လည်ရှင်းလင်းတဲ့နေရာမှာ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ လျှော့နည်းကျဆင်းရေး"** ရယ်လို့ ကျွန်တော်သတိပြုမိပါတယ်။ ဒါကြောင့် ဒီခေါင်းစဉ်နဲ့ပတ်သက်လို့ **"လောင်းကစားဝိုင်းများ လျှော့နည်းကျဆင်းရေး"** ဆိုတဲ့စာသားကို ကျွန်တော်တို့ ပြင်ဖို့လိုပါမယ်။ ဒါနဲ့ဆက်စပ်လျှဉ်းပြီး အဆိုရှင်က တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါ။ ခုနကဝန်ကြီးပြင်ဆင်တဲ့ **"ရှမ်းပြည်နယ်အတွင်းရှိ လောင်းကစားဝိုင်းများ လျှော့နည်းကျဆင်းရေး"**ဆိုပြီးတော့မှ ကျွန်မက **"ပပျောက်ရေး"**လုပ်ထားတာပါ။ အဲ့ဒါကို ကျွန်မ အဆိုရှင်အနေနဲ့ လက်ခံနိုင်ပါတယ်။ ဝန်ကြီးက လျှော့နည်းကျဆင်းရေးဆိုတဲ့နေရာမှာ ပပျောက်ရေးဆိုတာက ခက်ခဲတယ်ပေါ့။ ဥပမာ-တစ်ယောက်နဲ့တစ်ယောက် ကိုယ်ဝန်ရှိတာ တောင် ယောကျ်ားလေးမွေးမလား၊ သမီးလေးမွေးမလား ဆိုပြီး အဲ့လိုမျိုးတောင်မှ လောင်းတယ်ဆိုတော့ အဲ့ဒါကို ပပျောက်ရေးအစား လျှော့နည်းကျဆင်းရေးဆိုတာကိုလည်း ကျွန်မအနေနဲ့ လက်ခံပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ဒီအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**၁၇**

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူတဲ့သူမရှိတဲ့အတွက် သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။